



## နယ်စပ်ဒေသများရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

**ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန**

အခြေခံ ပညာကဏ္ဍ | အဆင့်မြင့် ပညာကဏ္ဍ | သက်မွေး ပညာကဏ္ဍ

### အခြေခံပညာကဏ္ဍ

၁။ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်လူရွယ်များအား ဒေသအကျိုးပြု နိုင်ငံအကျိုးပြု လူငယ်လူရွယ်များဖြစ်လာစေရန် အခြေခံအုတ်မြစ်ဖြစ်သည့် အခြေခံပညာတတ်မြောက်စေရန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်းဖွင့်လှစ်၍ အဆောင်နေစနစ်ဖြင့် နေထိုင်စားစရိတ်နှင့် ပညာသင်စရိတ်များ အခမဲ့တာဝန်ယူကာ Grade-6 မှ Grade-12 အထိ သင်ကြားနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

### အဆင့်မြင့်ပညာကဏ္ဍ

၂။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် နယ်စပ်ဒေသများမှသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် ကျောင်းသား၊ ကျောင်းသူများကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)တွင် ပညာရေးဘွဲ့(B.Ed) ၅ နှစ်သင်တန်းကိုလည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်နှင့်စစ်ကိုင်း) တို့တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာများကိုလည်းကောင်း တက်ရောက် သင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)မှ သင်တန်းသား၊ သင်တန်းသူ ၁၄၂၇၂ ဦး သင်တန်းဆင်းပေးနိုင်ခဲ့ပြီး အခြေခံပညာကဏ္ဍအတွက် ဆရာ၊ ဆရာမများအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်နှင့်စစ်ကိုင်း)တို့မှ ပေးအပ်သော ဘွဲ့၊ ဒီပလိုမာများရရှိပြီးပါက ဝန်ကြီးဌာနအသီးသီးတွင် အကြီးတန်းစာရေး၊ အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူးများဖြင့် စတင်တာဝန်ပေးအပ်ခဲ့ရာ နိုင်ငံ့ဝန်ထမ်း ၄၈၄၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

### သက်မွေးပညာကဏ္ဍ

၃။ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍများတွင် ပြုစုပျိုးထောင်နိုင်ခြင်းမရှိသည့် တိုင်းရင်းသားလူငယ်လူရွယ်များကို သက်မွေးပညာရပ်များဖြစ်သည့် စက်မှုလက်မှုပညာရပ်များ ကျွမ်းကျင်စွာတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်းဖြင့် ဝင်ငွေများတိုးတက်ရရှိကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုကဏ္ဍအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင် ရန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်း ၉ ကျောင်း ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းကာလ ၂၂ ပတ်အား နေထိုင်စရိတ်၊ စားစရိတ်နှင့် သင်ထောက်ကူပစ္စည်း အခမဲ့စနစ်ဖြင့် သင်ယူခွင့်ရရှိစေပြီး သင်တန်းသား ၉၅၃၆ ဦး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ရာ ၃၉၀၂ ဦး (၄၀.၉၁%) အလုပ်အကိုင်ရရှိရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၄။ နယ်စပ်ဒေသများမှအမျိုးသမီးငယ်များကို အိမ်တွင်းမှုသက်မွေးဘာသာရပ်များ သင်ကြားပေးပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်၍ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သည့် အမျိုးသမီးကောင်းများဖြစ်လာစေရန်ရည်ရွယ်၍ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၆ ကျောင်း ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။ သင်တန်းကာလ ၂၂ ပတ်အား နေထိုင်စရိတ်၊ စားစရိတ်နှင့် သင်ထောက်ကူပစ္စည်း အခမဲ့စနစ်ဖြင့် သင်တန်းသူ ၁၀၁၆၀ ဦး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ၄၃၁၉၃ ဦး (၄၂.၄၈%) အလုပ်အကိုင်ရရှိအောင် ဖန်တီးပေးနိုင်ခဲ့ပါသည်။

## နယ်စပ်ရေးရာ ပြည့်ရတနာ

❖ တိုင်းရင်းသား
ညီနောင်ထုတို့ရဲ့
ပြည်ထောင်စု မြန်မာပြည်။
တစ်ပြည်လုံး စိမ်းလန်းမှ
ငြိမ်းချမ်းနိုင်မည်။
ဖွံ့ဖြိုးမှုဦးတည်
စည်ပင်ကာ တိုးတက်ရေး
လေးရပ်သော မူဝါဒ
ချမှတ်ကာ ခရီးဆက်
ချီတက်နေသေး။

❖ တိုင်းပြည့်ဝန် ကျေပွန်ရေး
မျှော်တွေးလို့ မနားမနေ။
ရည်မှန်းချက် ခုနစ်ချက်
ဆောင်ရွက်လျက်ပေ။
နယ်စပ်က ဒေသတွေ
တရားဥပဒေ စိုးမိုးရေး။
တိုင်းရင်းသားပြည်သူတွေ
ဘဝအခြေမြင့်မားရေး။
အေးချမ်း လုံခြုံလို့
အဆောက်အအုံတွေဖွံ့ဖြိုး
ခိုင်မြဲစွာ အချစ်တိုး
အမျိုးဘာသာ
ယဉ်ကျေးမှုအဖြာဖြာနှင့်
သာသနာရောင်ဝါလင်းတဲ့ပြင်
မယွင်းသေချာ ပညာတတ်ပါလို့
စိတ်ဓာတ်တွေ မွန်မြတ်စေဖို့
မပြတ်ပါ အရှိန်အဟုန်ဖြင့်
မြှင့်တင်လို့ပေး။

❖ နယ်စပ်ရေးရာဝန်ကြီးဌာန
ချမှတ်သည့် လုပ်ငန်းစဉ်
၁၈ ချက်စုပေါင်းလို့
ကောင်းမြတ် မြော်မြင်။
ပညာရေး ကျန်းမာရေးနဲ့
ဖွံ့ဖြိုးရေး အစုံအလင်
ဂုဏ်တင်စရာ ရွက်ဆောင်မှု။
လမ်းတံတားဆို
တစ်ဆင့်ပြီးတစ်ဆင့်
ပန်းများလို တစ်ပွင့်ပြီး တစ်ပွင့်
ပွင့်ဖူးစေ အားသွန်နှိုး
ပြည်ကျိုးမျှော်ရှု။

❖ နယ်စပ်ရေးရာ
ပြည့်ရတနာ ဇာနည်များ
အလုပ်ဂုဏ် မွေ့ထုံစွ
နေ့ည မအား။

❖ တိုင်းပြည်အတွက် ထာဝစဉ်
ရှင်သန်လို့ နိုးကြား။
နှလုံးဖြူ အတွေးမြတ်နှင့်
ပေးဆပ်သူများ။ ။

မြင်းမူမောင်နိုင်မိုး



# နယ်စပ်ရေးရာဝန်ကြီးဌာန



**မဟာဗျူဟာ**

"အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ် ပြည်မ အကြားအလပ် မရှိစေရေး အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်ပေးရန်"

နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကိုအသေးစိတ်သိရှိလိုပါက
https//www.moba.gov.mm

## မူဝါဒ ၄ ရပ်

၁။ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး။
၂။ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး။
၃။ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး။
၄။ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး။

## ရည်မှန်းချက် ၇ ရပ်

၁။ နယ်စပ်ဒေသများ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်။
၂။ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်။
၃။ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုးများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်။
၄။ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်။
၅။ နယ်စပ်ဒေသများတွင် ဘာသာ၊ သာသနာ ထွန်းကားပြန့်ပွားစေရန်။
၆။ တိုင်းရင်းသားလူငယ်များ၏ဘဝနောင်ရေးအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန်။
၇။ တိုင်းရင်းသားလူငယ်များ မိမိဒေသ၏ ဖွံ့ဖြိုးရေးတာဝန်များကို အသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်နိုင်စေရန်။

## လုပ်ငန်းစဉ် ၁၈ ရပ်

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသများ သတ်မှတ်ခြင်း။
၂။ နယ်စပ်ဒေသရှိတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း။
၃။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ အတည်ပြုချမှတ်ပေးထားသော နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီက လတ်တလောဆောင်ရွက်ရန် ချမှတ်ပေးသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
၅။ နယ်စပ်ဒေသများ၏ အောက်ဖော်ပြပါ လူမှုစီးပွားဘဝ အခြေခံအဆောက်အအုံများကိုနှစ်အလိုက်စီမံကိန်းများဖြင့်တည်ဆောက်ပေးခြင်း -
(က) လမ်း/တံတားလုပ်ငန်း
(ခ) ရေရရှိရေးလုပ်ငန်း-
(၁) စိုက်ပျိုးရေရရှိရေး။
(၂) သောက်သုံးရေရရှိရေး။
(ဂ) လျှပ်စစ်ဓာတ်အားလုပ်ငန်း-
(၁) ရေအားလျှပ်စစ်။
(၂) ဆိုလာစွမ်းအင်စနစ်။
(ဃ) သာသနာရေးလုပ်ငန်း
(င) ငြိမ်းချမ်းရေးအတွက်တည်ဆောက်မှုလုပ်ငန်းများ-
(၁) လမ်း/ တံတားလုပ်ငန်း။
(၂) ပညာရေးလုပ်ငန်း။
(၃) ကျန်းမာရေးလုပ်ငန်း။
(၄) အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း။
၆။ နယ်စပ်ဒေသအသီးသီးတွင် နေထိုင်သော တိုင်းရင်းသားလူငယ်များကို အခြေခံပညာအလယ်တန်းမှ အထက်တန်းအထိ အခမဲ့ပညာသင်ကြားပေးခြင်း။
၇။ အခြေခံပညာအထက်တန်း အောင်မြင်သည့် တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များတွင် အဆင့်မြင့်ပညာများ သင်ကြားပေးခြင်း။
၈။ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ အတူတကွနေထိုင်ပညာမီးရင်း တိုင်းရင်းသားအချင်းချင်း ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို နားလည်ရင်းနှီးစေခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မြဲလာစေရန် ပြုစုပျိုးထောင်ပေးခြင်း။
၉။ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အသိစိတ်ဓာတ်များကိန်းအောင်းစေရန် ပျိုးထောင်ပေးခြင်း။
၁၀။ အဆင့်မြင့်ပညာရပ်များ တတ်မြောက်ပြီးချိန်တွင် ဝန်ကြီးဌာန အသီးသီး၌ တာဝန်ခန့်အပ်၍ မိမိဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်စေခြင်း။
၁၁။ နယ်စပ်ဒေသရှိ တိုင်းရင်းသူများကို အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာရပ်များသင်ကြားပေးခြင်းနှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးထူထောင်နိုင်သည်အထိ ပံ့ပိုးဆောင်ရွက်ပေးခြင်း။
၁၂။ နယ်စပ်ဒေသရှိတိုင်းရင်းသားများကို စက်မှုလက်မှု ပညာရပ်များသင်ကြားပေးခြင်းဖြင့် ဒေသတွင်းကျွမ်းကျင်လုပ်သားများ ဖြစ်ထွန်းလာစေပြီး အသေးစားကုန်ထုတ်လုပ်ငန်းများနှင့် အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်း။
၁၃။ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ဗဟုသုတပွားများစေရေး ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးခြင်း။
၁၄။ တိုင်းရင်းသားလူမျိုးများ၏ သဘောဆန္ဒနှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်ခြင်း။
၁၅။ နယ်စပ်ဒေသများတွင် ဘာသာ၊ သာသနာထွန်းကားပြန့်ပွားရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
၁၆။ ဘိန်းစိုက်ပျိုးခြင်းအစား စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ထူထောင်ပေးခြင်း။
၁၇။ နယ်ခြားနယ်နိမိတ် ကျောက်တိုင်များ၊ အထိမ်းအမှတ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။
၁၈။ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ခြင်း။

## ဝန်ကြီးဌာန စတင်ဖွဲ့စည်းခြင်း

ကိုးကန့်အဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီမှ ၁၉၈၉ ခုနှစ်တွင် ခွဲထွက်ကာလက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ပါသည်။ ကိုးကန့်ဒေသအား အထူးဒေသအဖြစ်သတ်မှတ်ကာ **လုပ်ငန်းကော်မတီ**ဖွဲ့စည်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ပါသည်။ သိသာထင်ရှားသည့်တိုးတက် အောင်မြင်မှုများရရှိခဲ့သည့်အတွက် ကျန်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြပါသည်။ အထက်ပါအဖွဲ့အစည်းများအခြေပြုရာဒေသများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို** ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
(၂၄-၉-၁၉၉၂)

↓

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
(၃၀-၁-၁၉၉၄)

↓

နယ်စပ်ရေးရာဝန်ကြီးဌာန
(၃၀-၃-၂၀၁၁)

↓

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး

နယ်စပ်ဒေသများရှိ လူငယ်များ၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး

## ပြည်ထောင်စုဝန်ကြီးများ တာဝန်ထမ်းဆောင်မှု မှတ်တမ်း



ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်
၂၄-၉-၁၉၉၂ မှ ၁၅-၁၁-၁၉၉၇



ဗိုလ်မှူးကြီး သိန်းညွန့်
၁၆-၁၁-၁၉၉၇ မှ ၃၀-၃-၂၀၁၁ ထိ



ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး
၃၁-၃-၂၀၁၁ မှ ထိ ၁၂-၂-၂၀၁၃ ထိ



ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း
၁၃-၂-၂၀၁၃ မှ ၁၂-၈-၂၀၁၅ ထိ



ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ
၂၄-၈-၂၀၁၅ မှ ၃၀-၃-၂၀၁၆ ထိ



ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်
၃၁-၃-၂၀၁၆ မှ ၇-၂-၂၀၂၁ ထိ



ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
၈-၂-၂၀၂၁ မှ ယနေ့ထိ